နန်းဘုန်းကျေးရွာ

နန်းဘုန်းကျေးရွာအုပ်စု၊ ဖောင်းပြင်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နန်းဘုန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖောင်းပြင်မြို့နယ်၏ အကူအညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

နန်းဘုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာ-ဟုမ္မလင်း ကားလမ်းဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဖောင်းပြင်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာအနီးတွင် တောတောင်များနှင့်မူးချောင်းရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်ဒေသဖြစ်သည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး မြစ်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ၂၀၁၈ခုနှစ် ဇွန်လက ဖောင်းပြင်မြို့တောင်ခြမ်းရှိ ကျေးရွာ အချို့တွင် ရေကြီးရေလွှမ်းဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ ခံစားခဲ့ရသော်လည်း ဤကျေးရွာမှာ ကင်းလွတ်ခဲ့ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၆၀) မှ(၈၀)ခန့် ရှိပါသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ မရမ်း၊ ကုက္ကိုလ်၊ သရက်၊ ငှက်ပျောနှင့် သဖန်းစသော အပင်များပေါက်ရောက်သည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၅၃၈.၃၀)ဧက၊ နှစ်ရှည်သီးနှံပင်(သရက်၊မရမ်း)၊သခွား၊ငရုတ်၊ပြောင်းဖူး ဆောင်းသီးနှံများကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။ မြေအောက်ရေတွင်းများမှ ရေကို စက်ဖြင့်စုပ်တင်ပြီး မိုးစပါး၊နွေစပါးများ စိုက်ပျိုးကြပါသည်။ ကျေးရွာအနီးတွင် မူးချောင်းများရှိသဖြင့် မူးချောင်းများမှ ရေတင်စက်များအသုံးပြု၍ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသမီး/သားလူငယ်အဖွဲ့၊ ချက်ပြုတ်ရေး**အဖွဲ့**၊ ဘုန်းတော်ကြီး ကျောင်းဂေါပကအဖွဲ့၊ **ကျေးရွာအရံမီးသတ်အဖွဲ့**၊ ပရဟိတအဖွဲ့တို့ ဖြစ်သည်။ အမျိုးသမီးရေးရာအဖွဲ့ သည် ဆောင်ရွက်မှု အားနည်းကြောင်း တွေ့ရပါသည်။ ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကြုံတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေး/နာရေး၊ လူမှုရေး ကိစ္စကြီး/ငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာဝိုင်းဝန်း ဆောင်ရွက်သော အလေ့အကျင့် ကောင်းများ ရှိပါသည်။ ခြံုငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်း ထားသော

အဖွဲ့အစည်းများကအားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ မြေပဲ ဖြစ်၍ မိုးရာသီတွင် သခွား၊ ပြောင်းဖူး၊ ပဲတောင့်ရှည်နှင့် ဆောင်သီးနှံများ စိုက်ပျိုးခြင်းဖြစ်သည်။ ကျေးရွာတွင် မိုးစပါး စိုက်ပျိုးမြေ(၅၃၈.၃၀)ဧကရှိပြီး၊ မိုးစပါးစိုက်ပျိုးပြီး လယ်ကွက်များပေါ်တွင် မြေပဲနှင့်နွေစပါးကိုလည်း သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ မိုးစပါးကို ဇွန်၊ ဇူလိုင်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး အောက်တို ဘာလတွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၆၀)တင်း ဖြစ်သည်။ စပါး၊ မြေပဲ၊ ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမား များ အကျိုးအမြတ်ရရှိမှုနည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါ သီးနှံများကိုသာ စိုက်ပျိုး နိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည် ပြင်ပသို့ ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံ ထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးကိုသာ လုပ်ကိုင်ကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ရန် **4"Øx400'** အဝိစိရေတွင်းနှင့် ကွန်ကရစ်ရေစင်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောက်လုပ်ပေးနေပါသည်။ ကျေးရွာတွင်အိမ်ထောင်စု ၄၂**%**ခန့်သည်လည်း ကိုယ်ပိုင်ရေတွင်းများ သုံးစွဲနိုင်ကြသည်။ ကျေးရွာတွင် အလယ်တန်း ကျောင်းရှိ၍ ဆရာမဦးရေ (၁၂) ယောက်ရှိပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုအတွက်လည်း ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသည်။ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ **(NEP)** စီမံကိန်းမှ ဆိုလာမီးလင်းရေးရရှိထားပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေ ထုတ်ချေးပါသည်။ တောင်သူလယ်သမားများသာမကဘဲ အခြားအသေးစား စီးပွားရေး လုပ်ငန်းများ ထူထောင်ရန် (ဥပမာ – တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများ လိုအပ် ပါသည်။

(c) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမှီသော ကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ် များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီးဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေး သူငယ်များ အပါအဝင်ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများ အတွက် ကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမှရရှိကြသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်း (၂)ဦးရှိပြီး အခြေခံကျန်းမာရေး စောင့်ရှောက်ခြင်း ဝန်ဆောင်မှုများ ရရှိကြပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ် ဆေးတိုက်ကျွေး သော အစီအစဉ်များကိုကျန်းမာရေးဌာနမှနှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ သဘာဝသစ်ဆွေး မြေဩဇာများ နှစ်စဉ်မထည့်သွင်နိုင်ခြင်း တို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရသည်။ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်နှင့် မြေပဲများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများမှဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း၊ပျိုးနုတ်ခြင်း စသည့် လုပ်ငန်း များလုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် (ရှင်ပြုအလှူပွဲ များ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများနှင့်လုပ်အားခတန်းတူရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံ ခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား/မတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာမှ ဗျူဟာလမ်းသို့ချဉ်းကပ်လမ်း	၁
၂	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်း	၂
၃	လျှပ်စစ်	ကျေးရွာလမ်းမီးလင်းရေး (ဆိုလာစနစ်)	၃
၄	သယံဇာတနှင့်သဘာဝဝန်းကျင်	မူးချောင်းအန္တရာယ်ကာကွယ်ရန် မျှောစီရေကာတာ ပြုလုပ်ရန်	၄
၅	အခြေခံအဆောက်အဦ	ကြမ်းခင်းဧရိယာ (၄၂၀၀)ပေရှိ စာသင်ကျောင်းဆောင် အပြီးသတ်ဆောက်လုပ်ရန်	၅

နောက်ဆက်တွဲ (၁)


ဖွံ့ဖြိုးရေးဗျူဟာ ဇယား


စဉ်	ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁	လမ်းပျက် စီးခြင်း	မြေသားလမ်းဖြစ် နေခြင်း	ဗျူဟာလမ်းသို့ထွက်ရန် ခရီးအကွာအဝေးနီးခြင်း	လက်ရှိလမ်းကျဉ်း မြောင်းခြင်း၊မြေသား တာဘောင်ဖို့ရန် လိုအပ် ခြင်း၊တောင်ကျရေရှိခြင်း	မြေသားတာဘောင် တင်ကျောက်ရော မြေခင်းခြင်း၊ ရေပြွန်ထည့်ခြင်း	ဗျူဟာလမ်းသို့အထွက်လမ်း ပေအရှည် (၂၀၀၀')၊အကျယ် (၁၂')၊ အမြင့်(၁') မြေသား တာဘောင်တင်ကျောက်ရောမြေ ခင်းခြင်း
၂	လမ်းပျက် စီးခြင်း	မြေသားလမ်းဖြစ် နေခြင်း	ကျေးရွာအနီးတွင် သဲ၊ ကျောက်များ လွယ်ကူစွာရရှိနိုင်ခြင်း	ငွေကြေးမတတ်နိုင်ခြင်း	လမ်းညှိခြင်း၊ ကျောက် ရောမြေခင်းခြင်း	ရွာတွင်းနှစ်လမ်းပေါင်း ပေ အရှည် (၂၆၂၄')၊ အကျယ် (၁၈')၊ အမြင့်(၁') ကျောက်ချောလမ်း ခင်းခြင်း
၃	ကျေးရွာ လမ်းမီး မရှိခြင်း	မဟာဓါတ်အား လိုင်းနှင့်ဝေးကွာ ခြင်း၊ တောတောင် ထူထပ်ခြင်း	ဆိုလာမီးနှင့် ဘက်ထရီမီးများ အသုံးပြုနေခြင်း	ကျေးရွာလူထုမှ စိတ် ဝင်စားမှုအားနည်းခြင်း၊ မြို့နှင့်အလှမ်းကွာဝေးခြင်း	လမ်းမီးများရရှိနိုင်ရန် ကျေးရွာလူထုမှ ကျေးလက်ဦးစီး ဌာနနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း	လမ်းမီးများရရှိနိုင်ရန် ကော်မတီများဖွဲ့စည်းခြင်း ကျေးရွာလူထုစိတ်ဝင်စား လာစေရန်စည်းရုံးဟောပြော ခြင်း၊ မြို့နယ်တာဝန်ရှိသူ များနှင့်ကျေးလက်ဦးစီးဌာနအား ညှိနှိုင်းအကူအညီ တောင်းခံခြင်း


နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

စဉ်	ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၄	မူးချောင်း ရေကြီးခြင်း	မူးချောင်းတိမ် ကောလာခြင်း၊ မိုးသည်းထန်စွာ ရွာခြင်း	လယ်ယာမြေအတွက် ရေသွင်း မြောင်းများ ကောင်းခြင်း	ရေကြီးသည့်အခါ တုံး၊ ဒိုက်၊ အမှိုက်များ မျောပါ လာခြင်း	ရေစီးရေလာကောင်းမွန် စေရန် မူးချောင်းကို ထိန်း သိမ်းခြင်း၊ရေတား ရေကာ တာများပြုလုပ် ခြင်း	ကျေးလက်ဦးစီးဌာနသို့ အကူအညီတောင်းခံ၍ မူး ချောင်းအန္တရာယ် ကာကွယ်ရန် မျောစီရေကာတာများ ပြုလုပ်ခြင်း
၅	စာသင် ကျောင်း ဆောင် အပြီးသတ် ဆောက်လုပ် နိုင်မှု မရှိခြင်း	ကျေးရွာသူ/သား များ ငွေအင်အား ထည့်ဝင် နိုင်မှု အားနည်းခြင်း	စာသင်ကျောင်းဆောင် အပြီး သတ်ဆောက်လုပ်နိုင်ရန် ပညာရေးဌာနသို့ တောင်းခံခြင်း	ကျေးရွာသူ/သားများ အလုပ်အကိုင် ရှားပါး ၍ ဝင်ငွေနည်းပါးခြင်း၊	ကျောင်းအကျိုးတော် ဆောင်အဖွဲ့နှင့် မိဘ ဆရာ အသင်းတို့ ပူးပေါင်း၍ ပညာရေးဌာနသို့ တင်ပြ တောင်းခံခြင်း၊ကျေးလက် ဦးစီးဌာနသို့လည်း တင်ပြ တောင်းဆိုခြင်း	ပညာရေးဌာန(သို့)ကျေးလ က် ဦးစီးဌာန သို့ ညှိနှိုင်း အကူအညီ တောင်းခံ ၍ ကြမ်းခင်းဧရိယာ (၄၂၀၀') ရှိ စာသင်ကျောင်း ဆောင် အပြီးသတ် ဆောက် လုပ်ခြင်း


E
N
W
A
A




မနှံးဘုတ်
ကြက်ဖျာ
အဖို့
ကျောင်းဝင်ခွင့်
အဖို့
ကျန်းမာရေး
တည်ဖို့
မနှံးဘုတ်
ရုပ်ပြကတ်အဖို့
ပဟေဠိတ
အဖို့
အမျိုးသမီး
ကျင့်ဝတ်
အဖို့
ဂုဏ္ဍစေ့
အဖို့

နန်းဘုန်းကျေးရွာအုပ်စု၊ နန်းဘုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းလှိုင်	ဦးသာထင်	၅(နိုင်)၀၀၆/ ၀၅၄၁၃၅	၃၉	ဥက္ကဋ္ဌ	၀၉၇၆၃၈၆၈၀၅၇
၂	ဦးအောင်မျိုးကြည်	ဦးကျော်သန်း	၅(နိုင်)၀၀၆/ ၀၇၅၂၈၉	၂၇	ဒု-ဥက္ကဋ္ဌ	-
၃	ဦးတင်ဝေ	ဦးသာရှိန်	၅(နိုင်)၀၀၆/ ၀၇၉၄၂၆	၃၁	အတွင်းရေးမှူး	၀၉၇၉၀၉၆၅၅၇၇
၄	ဒေါ်အေးမြင့်စန်း	ဦးစံလှ	၅(နိုင်)၀၀၆/ ၀၇၄၆၆၆၉	၂၀	တွဲဘက်အတွင်းရေးမှူး-	-
၅	ဒေါ်အေးမြင့်မော်	ဦးဉာဏ်သိန်း	၅(နိုင်)၀၀၆/ ၀၈၇၈၄၀	၁၈	စာရင်းကိုင်	၀၉ ၇၉၀၉၆၅၅၆၅
၆	ဦးမြင့်စိုး	ဦးဉာဏ်သိန်း	၅(နိုင်)၀၀၆/ ၀၅၄၁၄၆	၃၄	ဘဏ္ဍာရေးမှူး	၀၉၇၉၀၉၈၇၇၇၃
၇	ဦးစိန်နိုင်	ဦးထွန်းအံ့	၅(နိုင်)၀၀၆/ ၀၀၆၃၇၈	၅၂	သော့ကိုင်(၁)	၀၉ ၇၈၉၄၁၇၇၁၁
၈	ဒေါ်မေသန်းရီ	ဦးဖိုးမုန်း	၅(နိုင်)၀၀၆/ ၀၈၇၈၄၈	၂၀	သော့ကိုင်(၂)	၀၉၇၉၀၉၆၃၁၃၃
၉	ဒေါ်စန်းစန်းဦး	ဦးမောင်လှ	၅(နိုင်)၀၀၆/ ၀၆၁၅၃၇	၃၃	အဖွဲ့ဝင်	၀၉၇၉၀၉၄၆၆၁၆

နန်းဘုန်းကျေးရွာကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုပုံ





ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၇	၈	၂၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၅၄	၆၀	၁၁၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၇၉	၇၀	၁၄၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၈၂	၆၈	၁၅၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၆၁	၃၈၅	၇၄၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃၃	၂၆	၅၉
စုစုပေါင်း		၆၂၆	၆၁၇	၁၂၄၃
စုစုပေါင်း အိမ်ထောင်စု		၂၀၃		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။အလုပ်လုပ်နိုင်သည့်အရွယ်တွင် လူဦးရေ (၂၉)ယောက်မှာ တက္ကသိုလ်ကျောင်းသား/သူများ ဖြစ်ကြ၍ လူဦးရေ (၅၄)ယောက်မှာ အထက်တန်းကျောင်းသား/သူများဖြစ်ကြသည်။ မူလတန်းကျောင်းသားအရွယ် လူဦးရေ (၃)ယောက်မှာ ကျောင်းတက်ရောက်မှု မရှိကြောင်းတွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင် လူဦးရေ(၅)ယောက်မှာ အလုပ်လုပ်ကိုင်နေကြောင်း တွေ့ရသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၅၃၈.၃	သင့်	အနည်းအကျဉ်း	မြေအောက်ရေ၊ စိမ့်စမ်း
ယာမြေ	၈၇.၀၅	သင့်	မရ	-
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၆၂၅.၃၅	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။စိမ့်စမ်းရေမရရှိနိုင်၊ မြေအောက်ရေကို အသုံးမပြုနိုင်သောလယ်မြေများသည် မိုးရေခံ၍သာ စိုက်ပျိုးနေရကြောင်းတွေ့ရှိရသည်။ ယာမြေများသည် လည်း မိုးရေခံ၍သာ စိုက်ပျိုးရကြောင်းတွေ့ရသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	များ	လွယ်
အခြားသဘာဝအရင်းအမြစ်	-	-
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	သင့်	လွယ်
ပျမ်းမျှအပူချိန် - ၃၂	ပျမ်းမျှ မိုးရေချိန် - ၇၀	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျောက်ကိုအနည်းငယ်သာရရှိနိုင်ပြီး သဲကိုများစွာရရှိနိုင်ကြောင်းတွေ့ရသည်။ ကျွန်း၊ အင်၊ ကညင် အပင်မျိုးစိတ်များကို သစ်တော ကြိုးဝိုင်းတွင်သာ ရရှိနိုင်ပြီး ဝါး အပင်မျိုးစိတ်ကို နေရာအနှံ့တွင် ရရှိနိုင်သည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှု ဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	လူငယ်အဖွဲ့	၁☐ ၂√ ၃☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေးစသည့် လိုအပ်သည့်နေရာများတွင် ဆောင်ရွက်သည်။

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၂	ပရဟိတ	၁□ ၂√ ၃□	ပညာရေး □ ငွေကြေး √ ကျန်းမာရေး √ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာတွင်းရှိ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးနေရာများတွင် ကူညီဆောင်ရွက်သည်။
၃	အမျိုးသမီးရေးရာအဖွဲ့	၁□ ၂√ ၃□	ပညာရေး √ ငွေကြေး □ ကျန်းမာရေး √ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး √	ကျေးရွာတွင်း ကျန်းမာရေး၊ ဘာသာရေးနှင့်ဆိုင်ရာ ယဉ်ကျေးမှု အမျိုးဘာသာကို ထိန်းသိမ်းစောင့်ရှောက်သည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ အဖွဲ့အစည်းများရေရှည်တည်တံ့ရန် အတွက် တစ်ဦးကိုတစ်ဦးစာနာနားလည်မှုနှင့် စည်းလုံးညီညွတ်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ဧက-၁၀ဧကကြား	၁၀ဧက-၅ဧကကြား	၅ဧက-၁ဧကကြား	မြေယာမဲ့
အိမ်အခြေအနေ	သွပ်မိုး၊ ပျဉ်ထောင်နှစ်ထပ်	သွပ်မိုး၊ ပျဉ်ထောင်တစ်ထပ်	သက္ကယ်မိုး၊ ပျဉ်ထောင်	တဲ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား	သုံးဘီး၊ ထော်လာကျီ	ထွန်စက်	နွားလှည်း
အဓိကစီးပွားရေးလုပ်ငန်း	တောင်သူကြီး	ဆန်စက်၊ ဆီစက်၊ ဝန်ထမ်း	ဈေးဆိုင်	ကျပန်း
အိမ်ထောင်စု	၁၆	၃၄	၇၃	၈၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်သော အဆင်ပြေသောအိမ်ထောင်စုများမှာ လယ်ယာစိုက်ပျိုးရန်အတွက် ရေရရှိရန် ခက်ခဲခြင်း၊ အလယ်အလတ်ရှိတောင်သူများမှာ စိုက်ပျိုးရန်အတွက် မိုးရေခံနှင့် အဝီစိတုံကင်ကိုစက်တပ်ပြီး သုံးနေရခြင်း၊ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုအတွက် လုပ်ငန်းကိုယ်စီဆောင်ရွက်ပေးရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၀	၅၄.၂ %	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၁၃	၆.၄%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၅၇	၂၈.၁%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၂၁	၁၀.၃%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၂	၁%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၀၃	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။အိမ်ထောင်စုအများစုမှာ လယ်ယာမရှိကြသဖြင့် ကိုယ်ပိုင်မလုပ်နိုင်ကြခြင်း၊ တောင်သူငယ်များမှာ အငှားသီးစားလုပ်ကိုင် ကြရပြီး မြေမဲ့ယာမဲ့ဆင်းရဲသားတောင်သူများမှာ နေ့စား၊ ရက်စား လုပ်ကိုင်စားသောက်ကြရသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၅၃၈.၃	တင်း	၄၀	၇၀	၆၀	သင့် (ရေရရှိမှုနည်း)
မြေပဲ	၁၀	တင်း	၂၅	၇၅	၅၀	နည်း (ရာသီဥတုမမှန်)

လေ့လာတွေ့ရှိချက်။ ။မြေပဲကို စပါးစိုက်ပျိုးမြေပေါ်တွင် နောက်ထပ်သီးစားအဖြစ် စိုက်ပျိုးသေးကြောင်း တွေ့ရှိရပါသည်။ အဓိကစိုက်ပျိုးနေသော ဧက (၅၅၀)မှာ ရေခက်ခဲစွာဖြင့် စိုက်ပျိုးနေရပြီး ကျန်(၂၁)ဧကမှာ ရေရရှိမှု မလုံလောက်၊ မရရှိပါသဖြင့် မစိုက်ပျိုးနိုင်ပါ။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၃၆	၆၃၇
နို့စားနွား	-	-
ကျွဲ	၁၀	၆၀
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၁၂၇	၂၄၀
ကြက်	၁၆၈	၂၀၁၂
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	၁	၀.၅ ဧက
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။နွား(၆၃၇)ကောင်တွင် (၂၅၀)ကောင်ကို ခိုင်းနွားအဖြစ်အသုံးပြုကြောင်း တွေ့ရသည်။ ငါးကန်တစ်ကန်မှာ (၀.၅)ဧကရှိကြောင်း တွေ့ရသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်

၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း	–	–	–	–
၂	ထုတ်ကုန်လုပ်ငန်း	–	–	–	–
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	–	–	–	–
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	–	–	–	–
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	–	–	–	–
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	–	–	–	–
၇	လက်လီ–လက်ကား ရောင်းဝယ်ရေး	၁၁		၂၂	လတ် (ငွေအင်အားမြှပ်နှံမှုအားနည်း)
၈	ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း	–	–	–	–
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	–	–	–	–
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)	–	–	–	–
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	–	–	–	–
၁၂	ပညာရေး	–	–	–	–
၁၃	ကျန်းမာရေး	–	–	–	–
၁၄	လူမှုရေး လုပ်ငန်းများ	–	–	–	–
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	–	–	–	–
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				၁၁

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ အသက်၁၅နှစ်အထက် အလုပ်လုပ်ကိုင်နိုင်သည့် လူကြီး၊ လူငယ်များ၊ မိသားစုအတွက် ဝင်ငွေရ၊ ဝင်ငွေကောင်းနိုင်သော လုပ်ငန်းကိုယ်စီ မရှိသည့်အတွက် ကိုယ်ပိုင်လုပ်ငန်း(သို့) ကုမ္ပဏီလုပ်ငန်း၊ အစိုးရဝန်ထမ်းလုပ်ငန်း ကိုယ်စီ ရရှိမှသာလျှင် ကျေးလက်ဒေသဖွံ့ဖြိုးနိုင်မည်ဟု ထင်မြင်မိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ဖောင်းပြင်မြို့မဈေး	မုံရွာမြို့မဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် √	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် √
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် √လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ √

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အနီးဆုံးဈေးကို မိုးရာသီရေများချိန်တွင် စက်လှေများဖြင့်လည်း သွားလာ၍ရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁√ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ညံ့ √	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး√	၀-၁ မိုင် √ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁√ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ညံ့ √	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး√	၀-၁ မိုင် √ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁√ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် √ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး√	၀-၁ မိုင် ☐ ၁-၅ မိုင် √ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ရွာတွင်မြေသားလမ်း (၅)လမ်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ရွာတွင်းလမ်းတည်ရှိနှစ်မှာ ၂၃၅နှစ်၊ ရွာချင်းဆက်လမ်းမှာ ၃၁နှစ် ရှိကြောင်း တွေ့ရသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြစ်ကြောင်းနှင့်အလှမ်းကွာဝေးပြီး ကုန်းကြောင်းလမ်းကိုသာ အသုံးပြုသည့်အတွက် မြစ်ကြောင်းလမ်းကို အသုံးမပြုကြောင်း တွေ့ရပါသည်။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	၃	၁၄	၁၁၉	၁	၇	၁	-	၈၀

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စု (၉)စုသည် မော်တော်ဆိုင်ကယ် (၂)စီးစီရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (**၁၄**) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	-
ဆိုလာစနစ်	၂၂၈
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	၂၂

ရင်းမြစ်	အိမ်ထောင်စု
လျှပ်စစ်မီး အသုံးမပြုနိုင်သော	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အခြားမီးအသုံးပြုသူများသည် မိမိ၏ဘက်ထရီအိုးများကို နီးစပ်ရာအိမ်တွင်အားသွင်းပြီး အသုံးပြုကြောင်း တွေ့ရှိရပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၆၄	၄၇	၄၃

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။လူဦးရေအများစုမှာ Telenor လိုင်းကို အများဆုံးအသုံးပြုပြီး MPT နှင့် Ooredoo လိုင်းကို အနည်းငယ်သာ အသုံးပြုကြောင်း တွေ့ရပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၈၀	၇၂	၁၅၂
အလယ်တန်း	၆၂	၅၉	၁၂၁
အထက်တန်း	၂၉	၂၄	၅၃
တက္ကသိုလ်/ကောလိပ်	၁၁	၁၈	၂၉

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။အထက်တန်းကျောင်းသား/သူ (၅၃)ယောက်တွင် ကျောင်းသား (၃)ယောက်နှင့် ကျောင်းသူ (၂)ယောက်မှာ စစ်ကိုင်းဘုန်းကြီးကျောင်းပညာရေးတွင် တက်ရောက် သင်ကြားနေကြောင်း တွေ့ရသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း √ အထက်တန်း(ခွဲ) □ အထက်တန်း □			မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □			မူလတန်း □ မူလွန် □ အလယ်တန်း(ခွဲ) □ အလယ်တန်း □ အထက်တန်း(ခွဲ) □ အထက်တန်း □		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □			၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၁၅ မိုင် မှ ၂၀ မိုင် □ ၂၀ မိုင် အထက် □		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် √ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၆၆၀၀ စတုရန်းပေ								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်√ ညံ့□			ကောင်း□ သင့်□ ညံ့□			ကောင်း□ သင့်□ ညံ့□		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ √			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် √ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်√ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၀	၁၂	၁၂						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကြမ်းခင်းဧရိယာ (၄၂၀၀)စတုရန်းပေရှိသော နှစ်ထပ်ကျောင်းဆောင်မှာ အောက်ထပ်အခင်းနှင့် ပြတင်းတံခါးအပိတ် မပြီးစီးသေးကြောင်း တွေ့ရှိရပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပို့နှုန်မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှော	*မြင့်*☐	*နိမ့်*☐	*မရှိ*√
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*☐	*မရှိ*√
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*√	*မရှိ*☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☐	*မရှိ*√
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*☐	*နိမ့်*☐	*မရှိ*√
၆	တီဘီ	*မြင့်*☐	*နိမ့်*√	*မရှိ*☐
၇	ဆီးချို	*မြင့်*☐	*နိမ့်*☐	*မရှိ*√
၈	သွေးတိုး	*မြင့်*√	*နိမ့်*☐	*မရှိ*☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်*☐	*နိမ့်*☐	*မရှိ*√
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်*☐	*နိမ့်*☐	*မရှိ*√
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်*☐	*နိမ့်*☐	*မရှိ*√

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။အင်နစ်စားခြင်း၊ ကွမ်းစားခြင်းနှင့် အတက်စာများစားသုံးခြင်းကြောင့် သွေးတိုးရောဂါ အဖြစ်များကြောင်း တွေ့ရှိရပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်မှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်မှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)**	*ရှိ*	*မရှိ*
၁	အဆုတ်ရောဂါ	Â	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	Â	
၃	ပိုလီယိုရောဂါ	Â	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	Â	
၅	ဝက်သက်ရောဂါ	Â	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှုန်မှု**	Â	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	Â	

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၈	အာဟာရ ပညာပေး အစီအစဉ်	Â	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကာကွယ်ဆေးထိုးခြင်းကို တစ်လလျှင်အနည်းဆုံးတစ်ကြိမ် ပြုလုပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ √ မရှိ □
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် √	ရှိ √ မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် √	ရှိ √ မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။နန်းဘုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး အခန်း၊ ခုတင်လုံလောက်မှုရှိသော်လည်း မွေးဖွားရန် အခန်း၊ ခုတင် မရှိသေးကြောင်း တွေ့ရှိရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၄၀	ကောင်း□ သင့်√ ညံ့□	ရှိ

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
အဝီစိတွင်း/ စက်တပ်	၁၂	ကောင်း☐ သင့်√ ညံ့☐	ရှိ
အဝီစိတွင်း/ တုံကင်	၁၅၃	ကောင်း☐ သင့်√ ညံ့☐	ရှိ
မိုးရေ သိုလှောင်ကန်	-	ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	
ရေကန်	-	ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမြေပုံ။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စု (၂)စုမှာ အဝီစိတုံကင်နှင့် စက်တပ်နှစ်မျိုးစလုံး အသုံးပြုကြောင်းတွေ့ရသည်။ အိမ်ထောင်စုအနည်းငယ်မှာ ရေရရှိမှုခက်ခဲသေးကြောင်း တွေ့ရှိရ သည်။ အိမ်ထောင်စု (၁၂၀)မှာ အငှားအသုံးပြုကြောင်းတွေ့ရသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	-
ရေလောင်း/ယင်လုံအိမ်သာ	၁၈၇
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	၃
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	၁၃

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ယင်လုံအိမ်သာ သုံးစွဲနိုင်မှုတွင် အိမ်ထောင်စုတစ်စုမှာ ကြွေဇလားတပ်ပြီး ရေလောင်းအသုံးပြုနေကြောင်း တွေ့ရသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	သင့် (စားနပ်ရိက္ခာ ဖူလုံပါသည်။)
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	-

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၃	ရေကြီးခြင်း	-
၄	မိုးခေါင်ခြင်း	-
၅	အအေးလွန်ကဲခြင်း	-
၆	မုန်တိုင်း	-
၇	ငလျင်	-
၈	မီးဘေး	-
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	-
၁၁	သစ်တောပြုန်းတီးခြင်း	ရှိ (ထင်းမီးသုံးစွဲခြင်း)
၁၂	ငှက်ဖျားရောဂါ	နိမ့် (ငှက်ဖျားတိုက်ဖျက်ရေးလာရောက်မှုရှိခြင်း)
၁၃	တီဘီရောဂါ	နိမ့် (တီဘီတိုက်ဖျက်ရေးလာရောက်မှုရှိခြင်း)
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	-
၁၇	လူကုန်ကူးခြင်း	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစားနပ်ရိက္ခာအသင့်အတင့်စားသောက်နိုင်ပါသည်။ စိုက်ပျိုးရေးအခက်အခဲရှိသည်။ သစ်တောပြုန်းတီးခြင်းမှာကုမွဇီမှ လိုချင်သောသစ်များ ထုတ်ယူခြင်း၊ ငှက်ဖျား, တီဘီ တစ်ဦးတွေ့ရှိခြင်း၊ ဝေးလံခေါင်သီလမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း စသည့်ဘေးအန္တရာယ်များ တွေ့ကြုံနေရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	သီးနှံဖြစ်ထွန်းမှုလိုအပ်ခြင်း
အပင်မျိုးစိတ်များ	-	-
ရေအရင်းအမြစ်	နိမ့်	သောက်သုံးရေကောင်းခြင်း
ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်သူလုပ်ငန်းလုပ်ကိုင်သူအများစုသည် သီးနှံဖြစ်ထွန်းမှု ကောင်းဖို့အတွက် စိုက်ပျိုးရေးနည်းပညာအသုံးပြုမှုပိုင်းတွင် အားနည်းကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* □	*မရှိ* √
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* √	*မရှိ* □

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိအမျိုးသမီးများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခေါင်းဆောင်မှုရှိသော်လည်း စီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်မှုမရှိသေးကြောင်း တွေ့ရှိရပါသည်။